# ၂၀၁၀ ရွေးကောက်ပွဲလုပ်ပြီးရင် လစ်ဘရယ်ဒီမိုကရေစီအတွက် နေရာကွက်လပ်ရှိမတဲ့လား

(၁) မောင်စူးစမ်းက ထုံးစံအတိုင်း နေရာကွက်လပ်ကို စပေ့စ် (space) လို့ ဘိုလိုသုံးတယ်။ ကြိုးကိုင်ဒီမိုကရေစီအောက်မှာ လစ်ဘရယ်ဒီမိုကရေစီအတွက် နေရာ (စပေ့စ်) ရှိတယ်လို့ ပြောနေတယ်။ စစ်အုပ်စုနံပါတ်ဝမ်းကတော့ ဒါမျိုး မပြောဘူး။ မောင်စူးစမ်းက 'နံပါတ်ဝမ်း' ကိုယ်စား ပြောတာလည်း မဟုတ်ဘူး။

မောင်စူးစမ်းရဲ့အကျင့်က ဒီလိုပဲ။ လွန်ခဲ့တဲ့ နှစ် (၅၀) ကလည်း 'လက်နက်ချရင် ဒီမိုကရေစီရမယ်' လို့ ပြောခဲ့ဖူးတယ်။ စေ့စပ်ဆွေးနွေးရေးတောင်းဖို့ လုပ်မနေနဲ့ လက်နက်သာချလိုက်လို့ သူက ပြောခဲ့တာပဲ။

ဗကပ က စေ့စပ်ဆွေးနွေးရေးကို 'မူအရ' ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ခဲ့လို့ လိမ့်လိမ့်လဲလဲ မဖြစ်ခဲ့ဘူး။ "သခင်သန်းထွန်းတို့လူစု လက်နက်ချဖို့ ပြင်ပြီ" ဆိုပြီး (အလံနီရဲ့ "ကျွန်ပွဲစားကြီး သခင်သန်းထွန်း" ကြေညာချက်လေသံလိုက်ပြီး) ကြေညာချက်ထုတ်ခဲ့တဲ့ ပြည်သူ့ရဲဘော်ပါတီတော့ လက်နက်ချပြီး ဒီမိုကရေစီယူလိုက်တယ်။ သူတို့ ဘာဖြစ်သွားသလဲ။ ဒီမိုကရေစီ ရကြရဲ့လား။

(၂) "(စပေ့စ်) ရှိပါတယ်။ NLD ဟာ ရွှေဂုံတိုင်ကြေညာချက်ကို ကိုင်မနေနဲ့၊ ဒိုင်ယာလော့ဂ် တောင်းဆိုမနေနဲ့၊ ၂၀၁၀ ရွေးကောက်ပွဲကို ဝင်လိုက်ပါ" လို့ မောင်စူးစမ်းက ပြောနေပြန်ပြီ။ NLD သတိရှိကြစေချင်ပါတယ်။ တချက်မှားရင် တသက်လုံးခံရပါလိမ့်မယ်။ (မောင်စူးစမ်းက NLD ကို စကားလုံးကြမ်းကြမ်းရိုင်းရိုင်းသုံးပြီး ကျုံးသွင်းနေတာကို သူ့ရဲ့နောက်ဆောင်းပါးတွေမှာ တွေ့နေရပါပြီ။) ဒီလို ဖြစ်လာတာက နအဖ က 'ရွေးကောက်ပွဲဥပဒေ' ထုတ်ရတော့မှာကို ကြိုပြီးပြင်နေလို့ပဲ။ ရွှေဂုံတိုင်ရပ်တည်ချက်အပေါ်မှာ ကြံ့ကြံ့ခိုင်ခိုင်ရပ်တည်နေတဲ့ NLD အပေါ် စိတ်မရှည်တော့တာကို ပြပါတယ်။

ဈေးဆစ်နိုင်တဲ့အင်အား မရှိဘဲ ဈေးဆစ်မနေနဲ့။ ပြုတ်သွားမယ်လို့တောင် နအဖ မပြောဝံ့တဲ့စကားကို သူကထွက်ပြီး ပြောနေတယ်။ "နေမြင့်လေ အရှုံးရင့်လေ" ဆိုတဲ့စကား တယ်မှန်တာပဲ။

ဗကပ ကိုလည်း ဟိုတုန်းက ဒီလိုပဲ ခြိမ်းခြောက်ခဲ့တာပါ။ ဗကပ မပြုတ်ပါဘူး။ ဖဆပလ အစိုးရပဲ ပြုတ်တယ်။ (မောင်စူးစမ်းရဲ့ ဟောကိန်းထုတ်တဲ့နောက် နှစ် (၄၀) ကျော်မှပဲ 'ဗကပ' ပြိုတယ်။ ဒါလည်း ရန်သူကတိုက်လို့ မဟုတ်ဘူး။ တခြားအကြောင်းပဲ။ 'လူထုကိုမှီခိုမှ တော်လှန်စစ်ပွဲဆင်နွှဲနိုင်တယ်' ဆိုတဲ့အခြေခံမူအတိုင်း မလုပ်နိုင်ခဲ့လို့ပဲ။)

(၃) "စည်းကမ်းရှိတဲ့ဒီမိုကရေစီ" အောက်မှာ နေရာကွက်လပ် ရှိမလား။ ရှိမှာပါ။ ဒါကို မငြင်းပါဘူး။ 'ထောင်ခြောက်ထဲ ရောက်သွားတဲ့ကြွက်' 'မြှုံးထဲရောက်သွားတဲ့ငါး' ရတဲ့ 'နေရာကွက်လပ်' မျိုး ရှိမှာပါ။

ဂျပန်ဖက်ဆစ်လက်ထက် "အခြေခံဥပဒေ" မှာတောင် ကွက်လပ်ကျဉ်းကျဉ်းတော့ ရှိခဲ့တာပဲ။ 'မြေအောက်' (ယူဂျီ) လုပ်နိုင်တဲ့ ကွက်လပ် ဖြစ်တယ်။ အဲဒီကွက်လပ်ကို 'ဗကပ' အသုံးချခဲ့ဖူးတာပဲ။

နအဖ ပေးမယ့်ကွက်လပ်ကတော့ "ထောင်ခြောက်ထဲက၊ မြှုံးထဲက ကွက်လပ်" ပဲ ဖြစ်မယ်။ စစ်အုပ်စု (အသစ်) က ထောင်ခြောက်ထဲ၊ မြှုံးထဲကနေ ထုတ်မသတ်မချင်း လှုပ်လှုပ်ရှားရှား လုပ်နေနိုင်မှာပါ။

၁၀ - ၁၁ - ၂၀၀၉
www.cpburma.org